

ကိန္နရီလစဉ်
မင်းမြတ်သူရ
ဆားပုလင်းမင်းအောင်
နှင့်
သူရိယစန္ဒာကိုကျား
ပန်းချီ
အင်ဒီးယန်း

တစ်နေ့သ၌သဃ်န်းကျွန်းဘူတာရုံအနီးရှိကျွန်းအိမ်မည်းမည်း
ကြီးတစ်အိမ်တွင်လူသတ်မှုတစ်ခုဖြစ်ပွားခဲ့ရာ...



ထုံးစံအတိုင်းပင်စုံထောက်မင်းကြီး၏အဆူအငေါက်
ကိုခံယူပြီးနောက်...





မှုခင်းဖြစ်ရာအရပ်သို့သွားရောက်စုံထောက်ရန်
အတွက်ဆိုင်ရာကားများပေါ်သို့အလုအယက်
တက်၍ထွက်ခွာလာကြ၏။


ကျွန်ုပ်မောင်းနှင်၍ဆားပုလင်းမင်းအောင်နှင့်ဦးပေါ ဦးတို့ စီးနင်းလိုက်ပါလာသောကားငယ်လေးသည် သင်္ဃန်းကျွန်းဘူတာအနီးရှိလွန်စွာရှေးဆန်သော ကျွန်းအိမ်မည်းမည်းကြီးရှိရာသို့ချိုးဝင်လိုက်၏။
ကားနောက်ခန်းမှဆင်းလိုက်သောဆားပုလင်းမင်းအောင်အားခြံဝင်းရှိငယ်ရွယ်သူပုလိပ်သား (၃)(၄)ဦးတို့ သည်အားကျလေးစားစွာကြည့်နေစဉ်အတွင်းမှာပင်...
ဆားပုလင်းမင်းအောင်သည် အိမ်မည်းကြီးရှိရာခြံဝန်းအတွင်းသို့ စေ့စပ်သေချာစွာကြည့်ရှုလေ့လာနေပါတော့၏။


အင်း ဒီနေရာမှာဖြစ်ခဲ့တဲ့တိုက်ပွဲက အတော်လေးကို ကြီးကျယ်ခဲ့တာဗျ…
မြက်ခင်းအစပ်ကိုလက်ညှိုးညွှန်၍ဆား ပုလင်းမင်းအောင်သည်ကျွန်ုပ်အားစကား ဆိုလာ၏။ထိုမြက်ခင်းစပ်နှင့်မလှမ်းမကမ်း ရှိတရုတ်စကားပင်ကြီးအောက်တွင်မှုအမဲ လိုက်ခွေးကြီးနှစ်ကောင်သည်လည်းဝင်းဝင်း သေလျက်…
လူယုတ် မာဟာဒီခွေးကြီး နှစ်ကောင်ကိုသတ်ပြီး မှဟောဒီသေသူနဲ့သတ် တိုက်ခိုက်ရတာဗျ။အင်း မတန်သန်မာဖျတ်လတ် တဲ့သူပဲ…
သေသူမှာရင်ဝတွင်ဓားဒဏ်ရာ နှစ်ချက်နှင့်မြက်ခင်းအစပ်တစ် နေရာတွင်ပက်လက်အနေအထား နှင့်လဲကျသေဆုံးနေ၏။


ဆားပုလင်းမင်းအောင်သည်သေသူအား တစ်ခဏမျှစစ်ဆေးပြီးနောက်ကျွန်ုပ်တို့အား ခေါ်ယူ၍ခြံနောက်ဘက်ရှိအင်္ဂရိတ်ထိုးရာ တဲအိမ်လေးအားအတန်ကြာကြည့်ရှုပြန်၏။
သည့်နောက်ပိုင်းမှဆားပုလင်းမင်းအောင်နှင့်ကျွန်ုပ်တို့သည်အိမ်ကြီးအတွင်းသို့ဝင်ရောက်လာကြသောအခါအိမ်အတွင်း၌ ပုလိပ်သားတချို့နှင့်စုံထောက်တချို့ရှုတ်ယှက်ခတ်နေသည်ကိုမြင်တွေ့ရလေသည်။
၅
အထူးသဖြင့်လွန်စွာအလုပ်ရှုပ်နေဟန်တူသောစုံထောက်ကိုစိန်မြင့်ကိုအုပ်စုအတွင်းမှစုံထောက်ကိုတင်လှသည်စာအုပ်ကြီးတစ်အုပ်ကိုဖွင့်၍ ၎င်း၏မှတ်စုစာအုပ်ထဲတွင်အသည်းအသန်ကူးထည့်နေလျက်စသည့်အတွက်


စုံထောက်ဦးပေါ်ဦးက
ကိုတင်လှသေသူရဲ့ အကြွေးစာရင်းတွေကို ကူးပြီးခင်ဗျား ကူဆပ်ပေးမလို့လား
ဟုနောက်ပြောင်လိုက်ရာ ကိုတင်လှက...
ကြွေးစာရင်း မဟုတ်ဘူးဗျ အင်မတန်အရေး ပါတဲ့သဲလွန်စ တွေဗျ...


ဒါဆိုလည်း ကူးစေဗျာ ကူးစေ...
ဟုဆိုလိုက်ပြီးပန်းချီကားတစ်ချပ်ကို မှန်ဘီလူးဖြင့်စိတ်ဝင်တစားကြည့်နေ သောကိုစိန်မြင့်အား
ဘာတွေများ ကြည့်နေလဲကိုစိန်မြင့်ရ သဲလွန်စလေးဘာလေးရရင် ကျုပ်ကိုလဲပြဦး မဟုတ်ကဟုတ်ကတော့ မပြနဲ့နော်။အမှန်အကန် ကြည့်ချင်တယ်...
အထက်ပါအတိုင်းစုံထောက် ဦးပေါ်ဦးမှာကိုစိန်မြင့်နှင့်ကိုတင် လှ အားမခံချင်အောင်နောက် ပြောင် နေတော့၏။

အိမ်အပေါ်ထပ်တစ်ခုလုံးသည်ပျက်စီးကျိုးပဲ့နေသောပစ္စည်းနှင့်ရှုပ်ပွပြန့်ကြဲနေသည်ကိုမြင်တွေ့ရပြန်၏။ ထို့ပြင်လွန်စွာကြီးမားလှသောရှေးဟောင်းကုလားထိုင်ကြီးတွင်လှံတိုတစ်ချောင်း...



စာအုပ်စင်ပေါ်တွင်လှံတိုတစ်ချောင်းပြင်းပြင်းထန်ထန်စူးနစ်နေသည်ကိုမြင်ရခြင်းအားဖြင့်တိုက်ပွဲမည်မျှ ပြင်းထန်ခဲ့ကြောင်းကိုမြင်နိုင်လေသည်။ဤအပေါ်ထပ်တွင်သေဆုံးနေသူ၏အသက်မှာလေးဆယ်ခန့် ဖြစ်ပြီးနောက်ကျောဘက်တွင်မားဒကာ်ရာနှစ်ချက်နှင့်ကြမ်းပြင်၌ဝမ်းလျားမှောက်လျက်သေဆုံးနေ၏။




တစ်နေ့ရာသို့အရောက်တွင်နံ့ရှုံ့သေသူ၏သွေးတို့နှင့်ရေးသား ထားပုံရသောစာလုံးတို့အားကျွန်ုပ်ငေး၍ကြည့်နေချိန်တွင်တည်ကြည်ခန့်ညားသောဆားပုလင်းမင်းအောင်၏စကားသံကကျွန်ုပ်၏နောက်ကျောဘက်ဆီမှပေါ်လာပါ၏။
ကိုအောင်ထွန်းရေဒီအိမ်ပေါ်ထပ်မှာသေတဲ့လူကဦးဗျူဂွတဲ့ ပါဠိလိုဆိုရင်တော့ ကျားပေါ့၊ခြံဝင်းထဲမှာသေနေတဲ့လူက ဦးသီလတဲ့...
ဒီနှစ် ယောက်ကညီအစ်ကို ဦးသီလကအကြီး၊ဒီအိမ်ကြီးပေါ်မှာဒီညီအစ်ကိုနှစ်ယောက်ထဲနေတယ်။သူတို့အလောင်းကိုစတွေ့တဲ့သူက တော့သတင်းစာပို့တဲ့ ကုလားလေးပဲ...
လူသတ် သမားဟာအရပ် ငါးပေဆယ်လက်မလောက်ရှိပြီး။အင်မတန်ထူးချွန်ထက်မြက်တဲ့တိုက်ခိုက်ရေးသမားဆိုတာတော့မြေကြီးလက်ခတ်မလွဲပဲ...


သေသူ
နှစ်ယောက်ဟာခေတဲ့
လူတွေမဟုတ်ကြဘူးဗျ။
လူသတ်သမားကိုအတော်လေး
ခုခံနိုင်ခဲ့တဲ့လူတွေပဲ...
လေ့လာလို့ရသလောက်
သဲလွန်စတွေကိုတွက်ပြီးအမှု
ဖြစ်စဉ်ကိုခန့်မှန်းရရင်...
လူသတ်
သမားဟာညနေ
ပိုင်းလောက်မှာခြံထဲ
ဝင်ပြီးသေသွားသူနှစ်
ယောက်ထဲကအစ်ကိုဖြစ်
သူဦးသိလနဲ့တိုက်ခိုက်
ခဲ့တယ်...
ဦးသိလ
သေဆုံးပြီးညဉ့်
နက်ပိုင်းလောက်ကျမှ
ပြန်လာတဲ့ဦးဗျူရှနဲ့လူ
သတ်သမားဟာဒီအပေါ်
ထပ်မှာဆက်ပြီးတိုက်ခိုက်ခဲ့
ကြတယ်။တကယ်လို့
လူသတ်
သမားဟာဒီညီအစ်ကို
နှစ်ယောက်နဲ့တစ်ချိန်
တည်းတိုက်ခိုက်ရမယ်ဆိုရင်
တော်တော်မလွယ်လောက်
ဘူးဗျ။ဒီညီအစ်ကိုလည်း
သေချင်မှသေလိမ့်
မယ်...



သေသူ ညီအစ်ကိုနှစ်ယောက်ဟာအဲ့ဒီလောက်ကိုတိုက်ခိုက်ရည်ကောင်းကြတယ်။သေသူဦးဗျဂ္ဂလကိုမသေမီကကျုပ်တွေ့ဖူးတယ်။ဦးအောင်ထွန်း...
ဒီလို ကျောက်မြောင်းသီတာလမ်းထဲကတင်မမဆိုတဲ့အမျိုးသမီးဆီမကြာမကြာလာတာကိုကျုပ်သိထားမိတယ်...
ဆားပုလင်းမင်းအောင်၏စကားစအဖြတ်တွင်၄င်းတို့အနီးသို့ဘယ်အချိန်ကတည်းကရောက်နေမှန်းမသိသောစုံထောက်ကိုစိန်မြင့်သည်၄င်းတို့အနီးမှအိမ်အောက်သို့တဒိုင်းဒိုင်းပြေးဆင်းသွား၏။
အိုး ကိုစိန်မြင့်တစ်ယောက်တော့ခင်ဗျားစကားတွေကိုခိုးနားထောင်ပြီးတင်မမဆိုတဲ့မိန်းမကိုသွားဖမ်းပြီ။ကိုမင်းအောင်ရေ...


သွားပါစေ ဗျာ၊တင်မမကိုဖမ်းပြီးစစ်လည်းအမှုနဲ့ပတ်သက်ပြီးဘာအကျိုးမှထူးမှာမဟုတ်ပါဘူး။သေသူဦးဗျူနဲ့တင်မမ ကပျော်ပါးရုံသက်သက်ပဲလို့ ကျုပ်ယုံထားတယ်...
ဘာလို့ လဲဆိုတော့တင် မမဟာအပျော်မယ် နိုးနိုးဖြစ်နေတဲ့အပြင် အခုတလောရာဇဝတ် အုပ်တစ်ယောက်နဲ့လည်း ဘာလိုလိုဗျ...
ဒီအတွက် ဒီတင်မမဟာဒီအမှုနဲ့ ဘယ်လိုမှပတ်သက်စရာ မရှိဘူး။အရေးမကြီး၊ဒီအမှု မှာအရေးကြီးတာကဟောဒီ နံရံပေါ်မှာသွေးနဲ့ရေးထားတဲ့ သုရိယစန္ဒာဆိုတဲ့ စကားလုံးပဲ...


ဒီစကားလုံးရဲ့အဓိပ္ပာယ်က နေနဲ့လပေါင်းဖွဲ့ထားတဲ့ သဘောပဲ။ကျွန်တော့် အထင်ခြုံပြီးပြောရရင် တော့ဒီအမှုကြီး ဟာ...
အလွန် အင်မတန်ရှေးကျ တဲ့လျို့ဝှက်ဂိုဏ်းကြီး တစ်ခုရဲ့ကလဲ့စားချေမှု ကြီးလို့ကျွန်တော်တော့ ထင်တာပဲ...
ဒီအမှုကြီး ဟာအတော်ရှုပ်ထွေး မယ်လို့ကျွန်တော့်စိတ် ကယုံနေပေမဲ့ဒီအချိန် သိတော့ကျွန်တော့်အနေနဲ့ ဒီလောက်ထိပဲသိနိုင်ခန့်မှန်း နိုင်သေးတယ်။ကိုအောင် ထွန်းရေ...
နေနဲ့လ ပေါင်းဖွဲ့ထားတယ်ဆို တဲ့အဓိပ္ပာယ်ထက်ကျယ် ဝန်းမယ့်သုရိယစန္ဒာဆိုတဲ့ စကားလုံးရဲ့အဓိပ္ပာယ်တွေ ဖွဲ့စည်းမှုတွေလို့ကျွန်တော် ထပ်ရှာရဦးမယ်။ကဲ ပြန် ကြရအောင်...


သင်္ဃန်းကျွန်းဘူတာရုံအနီးရှိကျွန်းအိမ်မဲကြီး၌
နှစ်လောင်းပြိုင်လူသတ်မှုနဲ့ပတ်သက်၍သတင်း
စာကြီးများကအင်းစိန်စီအိုင်ဒီမှုစုံထောက်ကျော်
များနှင့်ဆားပုလင်းမင်းအောင်သည်အမှုကို
လိုက်နေကြောင်းပွဲ့ဖွဲ့နွဲ့နွဲ့ရေးထား၏။
ဆားပုလင်းမင်းအောင်သည်ကျောက်တာဝန်ကြီး
ဦးပုကြွယ်၏အိမ်တွင်အချိန်ကုန်ပြီးလူသတ်မှု
နှင့်ပတ်သက်၍စုံစမ်းထောက်လှမ်းနေကြောင်း
သိရလေ၏။
တစ်နေ့သောညနေခင်းတွင်ကျွန်ုပ်နှင့်ဦးပေါ်ဦး
သည်အမှုအခြေအနေတွင်မေးမြန်းနိုင်ရန်
ကိုမင်းအောင်အိမ်သို့ထွက်ခဲ့၏။


ကိုမင်းအောင်နေထိုင်ရာအမှတ်(၇) အာသောကလမ်း၊ကျောက်မြောင်းနေအိမ်သို့ရောက်သောအခါကိုမင်းအောင်ကကျွန်ုပ်တို့နှစ်ဦးကိုမြင်သောအခါ...
လာဗျို့ အိုင်ပီတို့ အမှုအခြေအနေကိုသိချင်လို့နဲ့တူတယ် ဘာမှမထူးခြားသေးဘူး။ဒီအမှုမှာ အလွန်အင်မတန်ရှေးကျပြီးအင်မတန် လျို့ဝှက်တဲ့လောကီပညာဂိုဏ်းကြီး တစ်ဂိုဏ်းနဲ့ဂိုဏ်းချုပ်အထိမ်းအမှတ် အမှတ်အသားတစ်ခုရန်ကြွေးဆပ်မှုဆိုတဲ့ ကွင်းဆက်ကလေးတွေတွေ့ရတယ်
ဒါပေမဲ့ အရေးကြီးတဲ့ကွင်းဆက် တစ်ခုပျောက်နေတယ် ဒါကြောင့်ကြန့်ကြာ နေရတာပါ...



ခုဆို ဒီအမှုနဲ့ပတ်သက်ပြီး ဘာထူးခြားချက်မှမရှိလို့ ပုလိပ်မင်းကြီးရဲ့အဆူ အငေါက်ဒဏ်ကြောင့်ကျုပ်တို့ ခေါင်းတွေလည်းမီးထလောင် လုပြီ…
ဒီကြားထဲ သတင်းစာတွေကလည်း ကျုပ်တို့ဌာနကိုကလိကြ ရိကြ၊လှောင်ပြောင်ရေးကြ လွန်းလို့၊ကျုပ်ဖြင့်လူထုကြား မှာမျက်နှာဘယ်သွားထားရမှန်း တောင်မသိတော့ပါဘူးဗျာ ဗျူး…
ဒီလောက်လည်း မဖြစ်ပါနဲ့၊အိုင်ပီရာ ကျွန်တော့်မှာနောက် ဆုံးတစ်နည်းတော့ ကျန်ပါသေးတယ် ဗျာ…
ခင်ဗျား ကားထဲမှာဓာတ်ဆီ လုံလုံလောက်လောက် ပါရဲ့မဟုတ်လား၊ကဲ ကျုပ်တို့နေ့ချင်းပြန်ခရီး လေးထွက်ကြရအောင်ဗျာ ကျုပ်တို့ခုပဲအင်းတကော် ဘက်ကိုခရီးထွက်ကြ စို့…


လူသတ်တရားခံကနံရံမှာ သေသူရဲ့သွေးနဲ့ရေးခဲ့တဲ့ သုရိယစန္ဒာဆိုတဲ့စကားလုံးဟာဂိုဏ်းကြီးတစ်ဂိုဏ်းရဲ့နာမည်ဗျ၊ဒီဂိုဏ်းကြီးဟာဘယ်လောက်ရှေးကျသလဲဆိုရင်...
တရိပ်ရိပ်ပြေးနေသောကားပေါ်မှစိမ်းအေးသာယာလှသောလမ်းဘေးဝဲယာဝန်းကျင်ရှုခင်းတို့ကိုစိတ်မဝင်စားအားကားမောင်းနေသောကျွန်ုပ်ဘေးရှိဆားပုလင်းမင်းအောင်၏စကားတို့သည်သာကျွန်ုပ်ကိုလွှမ်းမိုးနေပါ၏။
ဒီလောက်ရှေးကျခဲ့တဲ့ဂိုဏ်းကြီးဟာ၁၈၂၄ခုနှစ်၊အင်္ဂလိပ်မြန်မာပထမစစ်ပွဲကာလစစ်ကိုင်း၊မင်းလက်ထက်လောက်မှာပြိုကွဲသွားခဲ့ရတယ်လို့သိရတယ်အိုင်ပီ...
ဒီဂိုဏ်းကြီးဟာမြန်မာပြည်မှာဗုဒ္ဓဘာသာမပေါ်မီကတည်းကလောကီပညာသက်သက်တွေကိုသာလိုက်စားခဲ့တဲ့ဂိုဏ်းကြီးတစ်ဂိုဏ်းဖြစ်ခဲ့တယ်...


အဲ့ဒီ အချိန်ကတည်းက ပြီးကွဲသွားတယ်ဆိုပေမဲ့ ကျုပ်တို့ခုလိုက်နေတဲ့ နှစ်လောင်းပြိုင်လှသတ်မှုဟာအဲ့ဒီဂိုဏ်းကြီးရဲ့အဆက်အနွယ်တွေဖြစ်တဲ့ဂိုဏ်းချုပ်နဲ့ဂိုဏ်းဝင်အချင်းချင်း သတ်ဖြတ်ကြတဲ့အမှုကြီးပဲ...
ဘာလို့လဲ ဆိုတော့သေသူနှစ်ဦးစလုံးဟာ မားဒဏ်ရာနှစ်ချက်စီရထားတယ် ဒါဟာသုရိယစန္ဒာဂိုဏ်းကြီးရဲ့ဂိုဏ်းချုပ်တို့သာပိုင်ဆိုင်ခွင့်ရှိတဲ့...
သုရိယနဲ့ စန္ဒာဆိုတဲ့မားဖို မားမတို့ရဲ့လက်ချက်ပဲ ဒဏ်ကြောင့်ဦးသိလနဲ့ ဦးဇူဠတို့သေဆုံးသွားခဲ့ကြတာ...
ဒါတွေကတော့ ဟုတ်ပါပြီ။ကိုမင်းအောင် ခုကျွန်တော်တို့သွားနေတာ ကဒီအင်းကတော်ဘက်မှာရှိတဲ့ပီအိုနီပန်းကလေးတွေဆီ သွားနေတာလို့ခင်ဗျားက ပြောတယ်...


ဒီအဓိပ္ပာယ်ကို တဆိတ်ရှင်းပြစမ်းပါဦး ကိုမင်းအောင်ရဲ့...
ဒီပီအိုနီ ပန်းကလေးတွေနဲ့ ပတ်သက်တဲ့လူနဲ့တွေ့မှ ဒီအမှုနဲ့တရားခံကိုဖမ်းမိမှာဗျ။သူရိယစန္ဒာဂိုဏ်းကြီး အကြောင်းပြောပြနိုင်တဲ့သူဟာ...
ဒီကမ္ဘာပေါ်မှာ လက်ချိုးရေရင်လက် ငါးချောင်းလောက်ပဲရှိလိမ့်မယ်။ဒီလက်ငါးချောင်းထဲမှာခုကျွန်တော်တို့သွားနေတဲ့ ပီအိုနီပန်းကလေးတွေနဲ့ ပတ်သက်တဲ့လူလည်းပါတယ်...
ဒီလူဟာ လျှို့ဝှက်နက်နဲတဲ့ လောကီပညာရပ်တွေနဲ့ ပတ်သက်လာရင်သူမသိတာမရှိသလောက်ကို ရှားတယ်လို့ပြောလို့ရတဲ့လူဗျ...


ကျွန်တော်တောင် ဘယ်လိုမှမှန်းဆလို့မရ တော့တဲ့အမှုမျိုးတွေပေါ်လာရင် သူ့ဆီကိုအခုလိုလာပြီးအကူအညီ တောင်းရစမြဲပဲကိုအောင်ထွန်းရ သူဟာကျုပ်ဆရာဆိုရင်လည်း မမှားဘူး...
အင်း ခင်ဗျားလိုလူကတောင် ဆရာတင်ထားတယ်ဆို တော့။ဒီလူဟာ အတော့်ကိုဉာဏ်ပညာ ဗဟုသုတတွေကြီးမားမယ့် ပုံပဲ...
ကြီးပြီလားဗျာ... သူဟာဘယ်လိုအကြောင်း အရာမဆိုတစ်ကြိမ်ဖတ်ရုံ နဲ့မှတ်မိနိုင်တဲ့ထူးခြားတဲ့ ဉာဏ်လည်းရှိတယ်။ဒီကမ္ဘာ ပေါ်မှာကျွန်တော်လေးစားတဲ့ လူတွေထဲမှာသူလည်း ပါတယ်...
ဒါနဲ့ သူနဲ့အဲဒီပီအိုစီ ပန်းတွေဘယ်လို ဆက်စပ်မှုရှိနေ တာလဲဗျ ဟင်


အင်း... သူ့နာမည်ကပိုင်ရင်ဖေးတဲ့ မြန်မာပြည်ပေါက်တရုတ်လူမျိုး စစ်တစ်ယောက်ပဲ သူ့ဖခင်ကြီးဟာလောကီပညာ လိုက်စားဖို့ရည်ရွယ်ချက်နဲ့ မြန်မာပြည်ကို ရောက်လာတာ...
ဒါကြောင့် ပိုင်ရင်ဖေးဟာငယ်စဉ် ကတည်းကလောကီပညာရပ် တွေကိုစူးစူးစိုက်စိုက်လေ့လာ ဖြစ်ခဲ့တာ၊အဲ့ဒီလိုလေ့လာလိုက် စားလို့လည်းအတော်ကိုပေါက် မြောက်အောင်မြင်ခဲ့ တယ်...
ခုချိန်မှာတော့ သူဟာသိပ်အသက်ကြီး နေပါပြီ။သူ့အသက် ဘယ်သူမှမခန့်မှန်းနိုင်အောင် ကိုသူ့အသက်ကကြီးလှပြီ။ ဒါကြောင့်လည်းဒီအချိန်မှာ သူဟာ...
လောက ရဲ့နေနည်းထိုင် နည်းအစစ်အမှန်တွေ ကိုသူ့နည်းသူ့ဟန်နဲ့ ရှာဖွေတွေ့ရှိနေ ပြီ...


ခုဆို သူကလူတွေနဲ့ သိပ်အတွေ့မခံတော့ဘူး။ လျှို့လျှို့ဝှက်ဝှက်ပဲနေထိုင်နေတယ်။သူ့ရဲ့အထူးခြားဆုံးအချက်ကတော့ပီအိုနီပန်းကလေးတွေကိုသိပ်ချစ်တာပဲ။ဒါကြောင့်လဲ...
ကျယ်ဝန်းလှတဲ့ သူ့ခြံကြီးတစ်ခုလုံးမှာ အဲ့ဒီပီအိုနီပန်းလေးတွေကို စနစ်တကျအပြည့်စိုက်ပြီးသူ့ ပီအိုနီကမ္ဘာလေးထဲမှာပဲသူဟာငြိမ်းချမ်းစွာနေထိုင်နေခဲ့တယ်
ဒီပီအိုနီ ဆိုတဲ့ပန်းဟာတရုတ်လူမျိုးတွေအလွန်အလေးအမြတ်ထားတဲ့ပန်းတစ်မျိုးပဲ။တရုတ်တွေဟာဒီပန်းကိုပန်းဘုရားဒါမှမဟုတ်ပန်းနတ်သမီးလို့ခေါ်ကြတယ်...
ဒီပန်းဟာ သူတို့အတွက်တော့ ကြီးပွားချမ်းသာခြင်း ကံကောင်းခြင်း၊ပျော်ရွှင်ခြင်းတို့ရဲ့သင်္ကေတတစ်ခု၊အထိမ်းအမှတ်တစ်ခုပဲ...


ပိအိုနီ ပန်းတွေရဲ့ပုံသဏ္ဍာန်တွေဟာအမျိုးမျိုးရှိပြီး ရိုးတံတစ်ခုထဲကနေရောင်စုံပန်းတွေဖူးပွင့်ကြတယ်ဗျ သိပ်ထူးဆန်းတာတစ်ခုက...
ပိုင်ရှင်မေးဟာ ဒီပန်းတွေကိုဘယ်လိုနည်းပညာနဲ့စိုက်ပျိုးထားလဲမသိဘူး။ဒီပန်းတွေဟာသူ့ခြံထဲမှာတစ်နှစ်ပတ်လုံးပွင့်နေကြတယ်...
ဆားပုလင်းမင်းအောင်သည်ဤသို့သောအံ့သြကြည်နူးစရာအကြောင်းတို့ကိုပြောနေချိန်မှာပင်ကျွန်ုပ်တို့၏ကားလေးသည်အင်းတကော်မြို့ပြင်ရှိလူသူအရောက်နည်းလှသောမြေနီလမ်းလေးအတိုင်းဝေ့ဝိုက်ပြေးနေ၏။သိပ်မကြာမီဆားပုလင်းမင်းအောင်ညွှန်ပြသောလွန်စွာကျယ်ဝန်းပုံရသည့်ခြံကြီးတစ်ခြံရှေ့သို့ကျွန်ုပ်တို့၏ကားလေးရောက်ရှိခဲ့သောအခါ...


ထိုခြံတံခါးကြီးအားတရုတ်လူငယ်လေးတစ်ဦးကလာရောက်
ဖွင့်ပေးသဖြင့်ကျွန်ုပ်တို့၏ကားလေးသည်ခြံကြီးအတွင်းသို့
မောင်းဝင်လိုက်သတည်း။ခြံကြီးအတွင်းဘက်ရှိမြင်ကွင်း
သည်ကျွန်ုပ်တစ်သက်မမြင်ဘူးသည့်မြင်ကွင်းဖြစ်နေသဖြင့်
ရင်သပ်ရှုမောခြင်းကြီးစွာဖြစ်ရပါ၏။
ကျွန်ုပ်တို့နှစ်ဦးသည်ပီအိုနီပန်းကမ္ဘာ
ကြီးအတွင်းသို့ရုတ်ချည်းရောက်ခဲ့ရပြီး
ခြံကြီးတစ်ခုလုံးတွင်ပီအိုနီပန်းအမျိုး
အစားအမျိုးမျိုးအားမြေသားများ၌
သာမက...
၂၄
ပန်းအိုးကြီးငယ်ရောင်စုံများနှင့်ပါစိုက်ပျိုး
ထားလေသည်။ထိုမျှမကအချို့နေရာ
များတွင်ကျောက်တုံးကြီးငယ်များကိုစီ
၍ရေတံခွန်အတုများပြုလုပ်ထားသည်မှာ
ကြည့်၍မဝနိုင်အောင်ပါတကား...

ထိုသို့အေးချမ်းသာယာလှသည့်ပန်းကမ္ဘာလေး၏အလယ်တွင်တရုတ်ဘုံကျောင်းကဲ့သို့ဆေးရောင်စုံတို့ဖြင့် ဆောက်လုပ်ထားသောအဆောက်အအုံတစ်ခုရှိ၏။တရုတ်လူငယ်လေးတစ်ဦးသည်ကျွန်ုပ်တို့(၂)ဦးအား ထိုအဆောက်အအုံကိုကျော်ဖြတ်စေပြီးဥယျာဉ်တစ်ခုအတွင်းမှာခေါ်ဆောင်ခဲ့လေသည်မှတစ်ဆင့်ကြာပန်း မျိုးစုံ ပွင့်နေသည့်ကန်ရေပြင်ပေါ်ရှိတံတားငယ်လေးအားသုံးဦးသာဖြတ်ကျော်ပြီးချိန်၌...




အဘိုးအို၏မျက်နှာကားအေးမြကြည်လင်လှ၏။သူသည်တရုတ်လူမျိုးများကဲ့သို့ဘောင်းဘီရှည်နှင့်အကျီပွကြီးကိုဝတ်ဆင်ထားပြီးရှည်လျားသောမုတ်ဆိတ်ဖြူကြီးများလည်းရှိလေသည်။
အင်း...
လူကလေးရောက်လာပြီပဲ။ကျုပ်အထင်တော့ဒီတစ်ကြိမ်ဒီကိုလူကလေးရောက်တာဟာသူရိယစန္ဒာဂိုဏ်းအကြောင်းသိချင်လို့ပဲဖြစ်မယ်...
အဘိုးအို၏စကားကြောင့်ကျွန်ုပ်၏မျက်လုံးတို့သည်အံ့သြစိတ်တို့အားထိန်းမနိုင်သိမ်းမရသဖြင့်ပြူးကျယ်သွားရ၏။ကိုမင်းအောင်၏မျက်လုံးတို့တွင်လည်းအံ့သြရိပ်တို့ကဖျက်ခနဲလွှမ်းမိုးသွားပါ၏။
အဘိုးထင်တာမမှားပါဘူး။အဘိုးဒီဂိုဏ်းနဲ့ပတ်သက်ပြီးသဲလွန်စပျောက်နေလို့အဲ့ဒါကျွန်တော့်ကိုကူညီပါဦး....


ကဲ…ကဲ
လူကလေးတို့လည်း
ခရီးဝေးနှင်လာရလို့
ပန်းရောပေါ့၊အပန်းပြေ
ရေနွေးကြမ်းလေး
သောက်လိုက်ပါဦး
နှစ်လိုဖွယ်ပြုံး၍အဘိုးအိုကမ်းပေး
လိုက်သည့်ရေနွေးကြမ်းတို့အားကျွန်ုပ်
တို့ယူ၍သောက်လိုက်၏။ရှေ့ဆက်
အမှုနှင့်ပတ်သက်ပြီးအဘိုးအိုဘာပြောဦး
မည်နည်း။ဤဆန္ဒဇောတို့ကြောင့်သည်
ခဏအချိန်သည်ရှည်ကြာလှချည့်…
အတန်မျှကြာပြီးသည့်နောက်မှနှုတ်ဆိတ်နေ
သောအဘိုးအိုပိုင်ရင်ဖေးသည်သူ၏ရင်ဘတ်
အတွင်းမှစာရွက်တစ်ရွက်ကိုထုတ်၍တစ်စုံ
တစ်ရာတို့ကိုရေးခြစ်လိုက်၏။


သည့်နောက်ပိုင်း၌ငှင်းရေးခြစ်ပြီးပုံရသောစာရွက်အားအဘိုးအိုသည်ဆားပုလင်းမင်းအောင်ဆီသို့ကမ်းပေးလိုက်ပါ၏။
ကဲ ရော့... လူကလေးသိချင်တာတွေကို ဒီအထဲမှာရေးထည့်ပေးလိုက်ပြီ...
ဒီသူရိယစန္ဒာ ဂိုဏ်းကြီးမှာဂိုဏ်းရဲ့ အရေးပါတဲ့အမှုကိစ္စတွေ ဂိုဏ်းချုပ်ကြီးကိုယ်တိုင်က သူရိယစန္ဒာဆိုတဲ့ဓားဖို ဓားမနှစ်လက်နဲ့နှိမ်နင်းရတဲ့အစဉ်အလာကြီး ရှိတယ်...
နှိမ်နင်းလို့ပြီးပြီဆိုရင်လည်း ဒီဓားနှစ်လက်ကိုမှန်ပြည်နယ်ကေလာသတောင်ပေါ်က ဂိုဏ်းကြီးရဲ့လျှို့ဝှက်ဂူကြီးမှာပြန်ထားရတယ်...


အင်း…
ဒီလိုဏ်ဂူကြီးရဲ့တည်နေရာကိုသိတဲ့လူဟာဒီကမ္ဘာပေါ်မှာငါးဦးတောင်ရှိတော့မယ်မထင်တော့ပါဘူး။အဲ့ဒီဂူကြီးရဲ့ရှေ့မှာရေတံခွန်ကြီးတစ်ခုကပိတ်ပြီးစီးဆင်းနေတယ်ကွယ်…
ဒီရေတံခွန်ကြီးဟာတစ်နှစ်မှာသုံးရက်နားလေ့ရှိတယ်ဒီလိုရေတံခွန်နားတဲ့နေ့တွေကိုသုရိယစန္ဒာဂိုဏ်းကြီးရဲ့ဂိုဏ်းချုပ်ကြီးတွေပဲထွက်တတ်ကြတယ်…
အဲ့ဒီအတွက်ကြောင့်တော့လူကလေးစိတ်ပူစရာမရှိပါဘူးကွယ်၊လူကလေးကိုကျုပ်ပေးထားတဲ့စာရွက်ထဲမှာလိုဏ်ဂူကြီးတည်နေရာမြေပုံနဲ့အတူရေတံခွန်ရပ်နားမယ့်နေ့တွေကိုပါ။ကျုပ်တွက်ပြထားပါတယ်…

ပိုင်အိုနီကမ္ဘာရှိအဘိုးအိုပိုင်ရင်ဖေးဆီမှပြန်လာပြီးနောက်တစ်နေ့မှစ၍ဆားပုလင်းမင်းအောင်သည်မွန်ပြည်နယ်ကေလာသတောင်ရှိရာသို့ခရီးရှည်ကြီးထွက်ခွာသွား၏။နှစ်လောင်းပြိုင်လူသတ်တရားခံအားဖမ်းမိရန်အတွက်ဤသို့ထွက်ခွာသွားသောခရီးသည်တစ်ပတ်ခန့်ကြာမည်ဟုဆားပုလင်းမင်းအောင်ကိုယ်တိုင်ကပြောကြားသွားသော်လည်း...

